
ဇေယာန
(ရာမည)
အောင်မြတ်သာနှင့်
ရေကန်စောင့်မောင်နှမ

# အောင်မြတ်သာနှင့် ရေကန်စောင့်မောင်နှမ

ဆရာနဲ့ကျွန်တော် ထန်းခေါက်ကုန်းရွာကို စဝင်တော့ ရွာအဝမှာ ရေကန်ကြီး တစ်ကန်ကို အရင် တွေ့လိုက်ရတယ်။ ကန်ရဲ့ ဘေးမှာ တော့ ထုံးဖြူနဲ့ရေး ထားတဲ့ "ရေဆင်းမကူးရ အန္တရာယ်ရှိသည်" တဲ့။

ရေကန်ရဲ့ ဘေးမှာ တော့ တစ်ပိုင်းတစ်စ စေတီလေး တစ်ဆူကို ဖူးမြင်လိုက် ရတယ်။
တစ်ပိုင်းတစ်စနဲ့ တည်ထားတာ တော် တော် ကြာနေပြီ ဆိုတာ အောက်ခြေက ရေညှိတွေ ကို ကြည့်ပြီး သိလိုက်ရတယ်။

ရွာက လူတွေ ကို မေးကြည့်တော့ "ဒီစေတီ တည်တော့ ရေကန်က အစောင့်တွေ မကြိုက်ဘူး
ရေကန်ကလည်း နှစ် တိုင်း လူသေတယ်။ တစ်နှစ် တစ်ယောက် ပုံမှန် ရေနစ် သေတယ်။ ရွာက လူတွေ ရေထဲ မဆင်းရင်တောင် စိတ်မမှန်တဲ့သူတွေ ၊ ဝက်ရူးပြန်တဲ့ လူတွေ က အလိုလို ရေထဲ ခုန်ချပြီး သေကြတာ၊ ဒီစေတီ တည်တော့လည်း အနှောင့်အယှက်တွေ ပေးကြတယ်၊ ဘယ်သူမှ မတည်ရဲ ကြတော့ဘူး" လို့ ပြောတာကို ကြားခဲ့ရတယ်။

ဒီလိုနဲ့ ကျွန်တော် တို့လည်း ရွာမှာ တစ်ညတာ အိပ်စက် အနားယူ ဖြစ်ခဲ့တယ်။ မလင်းမမိုန် ထွန်းလင်းနေတဲ့ လရောင် အောက်မှာ ထန်းခေါက်ကုန်း ရွာလေးက ငြိမ်သက် တိတ်ဆိတ် နေသလို တစ်ခါတစ်ရံ မြည် တွန်နေတဲ့ ကျေးငှက်တွေ ရဲ့ အသံကလည်း ညချမ်း အချိန်အခါလေးကို ပို၍ အဓိပ္ပာယ် ပြည့်စုံစေခဲ့သည်။

ထိုအချိန်မှာ ပဲ...

"လုပ်ကြပါဦး ကိုထွန်းမောင် ဘာ ဖြစ်လဲ မသိဘူး အိမ်နံရံကို ခေါင်းနဲ့ တိုက်နေတယ် လုပ်ကြပါဦး" ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

အိမ်ထဲကလူတွေ ပြေးထွက်လာတာ တွေ့တော့ ကျွန်တော် ဆရာ့ကို လှည့်ကြည့် လိုက်မိတယ်။

ဆရာက "သက်ခိုင် မင်း လိုက်ကြည့် ပေးလိုက် ကွာ မကောင်းတာ ဝင်နှောင့်ယှက်တာ ဖြစ်မယ်"

ကျွန်တော် လည်း ဆရာ အမိန့်ရတော့ လူအုပ်ကြားထဲကို ပြေးဆင်း သွားလိုက်တယ်။
အိမ်အောက်ကနေ လှမ်းကြည့် လိုက်တော့ အသက်၄၀အရွယ် လူ တစ်ယောက် အိမ်ပေါ်မှာ ဆောင့်ကြောင့် ထိုင်ပြီး အော်ဟစ် နေတာကို လှမ်းတွေ့ လိုက်ရတယ်။
ခေါင်း တစ်ခုလုံးလည်း သွေးတွေ နဲ့ ရဲပဒေါင်းခတ် နေတယ်။

"ဘယ်လို ဖြစ်တာလဲ"

"မသိဘူးဗျ ဘာအမှား တွေ လုပ်ခဲ့ပြီလဲ မသိပါဘူး အိမ်တိုင်ကို ခေါင်းနဲ့ ဆောင့်နေတာ ဆွဲလည်းမရ၊ တားလည်းမရ ရွာမှာ ဆေးကုတဲ့ အဘကလည်း ခရီးသွားတယ် ဒုက္ခပါပဲဗျာ"

"ကျွန်တော် က ခရီးသွား တစ်ယောက် ပါ ပယောဂလည်း အနည်းငယ် ကုတတ်ပါတယ် အဆင်ပြေတယ် ဆိုရင် ကျွန်တော် ကြည့်ပေးပါ့မယ်"

"ဟာ အဆင်သင့် လိုက်လေဗျာ ဆရာ ကူညီပါဦး"

ကျွန်တော် အိမ်ပေါ်ကို တက်လာတော့ ဆောင့်ကြောင့် ထိုင်နေတဲ့ သူက ကျွန်တော့် ကို မျက်စောင်းထိုးကာ ကြည့်လေ တော့သည်။

ကျွန်တော် လည်း သမထ အာရုံကို စူးစိုက်ကာ လူနာကို ကြည့်လိုက်တယ် ဆိုရင်ဖြင့် ဒူးတစ်ချောင်း ထောင်၊ ဒူးတစ်ချောင်း ထောက်ကာ ထိုင်နေတဲ့ ပုဂ္ဂိုလ် တစ်ယောက်

ကို မြင်လိုက်ရတယ်။

ကျွန်တော် လည်း ဘုရားစင်ရှေ့ ဝင်ထိုင်လိုက်ပြီး ဘုရားရှိခိုးခြင်း၊ အထက်ဆရာကြီးများ ထံ ခွင့်တောင်းခြင်း၊ စည်းချခြင်းတွေ ကို အစဉ်တိုင်း ဆောင်ရွက်လိုက်တယ်။

ပြီးတာနဲ့ လူနာဘက်ကို လှည့်ပြီး

"ဘာများ မကျေမနပ် ဖြစ်ပြီး ဝင်ပူးရတာ လဲ ဒီလူက ဘာအမှား တွေ လုပ်လို့လဲ" လို့ မေးလိုက်တော့

"ဒီလူက ငါတို့ မကြိုက်တဲ့ အရာတွေ ကို လုပ်ဖို့ စီစဉ်နေတယ်၊ အရင်ထဲက ငါတို့ မကြိုက်လို့ မပေးလုပ်တာကို လုပ်ဖို့ စီစဉ်နေတယ်၊ အဲဒါကြောင့် သူ့ကို အပြစ်ပေးတာ"

"မကြိုက်တဲ့ အရာတွေ ကို လုပ်ဖို့ စီစဉ်နေတယ် ဆိုတာ ဘာတွေ များ လဲ"

"ငါတို့နေတဲ့ ရေကန်ဘေးမှာ ဘုရားတည်ဖို့ စီစဉ်နေတယ်။ ငါတို့ မကြိုက်ဘူး ဘုရား တည်မှာ ကို မလိုချင်ဘူး။ ဘုရားတည်ရင် ငါတို့ နေရာ ဖယ်ပေးရမယ်။ အဲဒါကြောင့် အပြစ်ပေးတာ"

ကျွန်တော် ဒေါသ ထောင်းခနဲ ဖြစ်သွားတယ်။ ဘုရားတည်ဖို့ စီစဉ်တာကို ခုလို နှောင့်ယှက်တယ် ဆိုတော့ ဒီပုဂ္ဂိုလ်ဟာ ကောင်းတဲ့ ပုဂ္ဂိုလ်တော့ မဟုတ်ဘူး ဆိုတာ နားလည် လိုက်တယ်။

"ကောင်းပြီလေ အခု လောလောဆယ် ဒီလူရဲ့ ကိုယ်ထဲကနေ ထွက်သွားလိုက်ပါ။ ထပ်နှောင့်ယှက် နေမယ်ဆိုရင် ငါ ထုတ်ရလိမ့်မယ်။ ငါထုတ်တဲ့ အခါကျရင် အသားနာလိမ့်မယ် ကိုယ်တိုင် ထွက်မလား ငါထုတ်ရမလား"

အဲဒီ လို ပြောတော့ ဝင်ပူးနေတဲ့ သူက ...

"မထွက်နိုင်သေးဘူး မှတ်လောက် သားလောက်အောင် ပညာ ပေးရဦးမယ် ဒါမှ နောက်တစ်ခါ မလုပ်ရဲမှာ "

ကျွန်တော် ဘာမှ ဆက်မပြောတော့ပဲ ကြည့်နေတဲ့ ရွာသားတွေ ထဲက

တစ်ယောက် ကို ရေတစ်ခွက် ခပ်ခိုင်းလိုက်တယ်။

ရေရလာတော့ ဘုရားစင်ဘက် လှည့်ကာ ၄ကွက်အင်း ၄ကြိမ်တိတိ ချလိုက်တယ်။
အင်းချထားတဲ့ ရေစင်နဲ့ တောက်လိုက်တော့...

"အား အား ပူတယ် ပူလိုက်တာ ဘာတွေ နဲ့ ပက်တာလဲ အမလေး ပူတယ်" ဆိုပြီး အိမ်ထဲ ပတ်ပြေး နေပါလေရော။

တစ်ကိုယ်လုံးလည်း ရေစင်ရဲ့ အစွမ်းကြောင့် အခိုးငွေ့တွေ ထွက်နေတာကို တွေ့လိုက် ရတယ်။

"မင်း ထွက်မလား ရေစင် ထပ်တောက် ရမလား"

"ထွက်မယ်... ထွက်မယ် ပူတယ် အား ... အား..."

"ခဏနေဦး ဒီတိုင်း ထွက်လို့မရဘူး နင်ပေးထားတဲ့ ခေါင်းက ဒဏ်ရာ နင်ပြန်ယူသွား မယူသွားရင် ပြန်ခေါ်ပြီး ဆုံးမရလိမ့်မယ်"

"ယူ သွားပါ့မယ် ယူသွားမယ် နောက် မလုပ်ရဲတော့ပါဘူး" ဆိုတဲ့ စကားအဆုံးမှာ ဝင်ပူးနေတဲ့ လူနာက လဲကျသွားပါလေရော။

လဲနေတဲ့လူကို ကုပ်ကြောတွေ ဆွဲ လှုပ်နှိုးတော့ သတိ ပြန်ရလာတယ်။ သတိရလာတော့ ခုနက ခေါင်းမှာ ပေါက်ပြဲနေတဲ့ ဒဏ်ရာက ချက်ချင်း ဆိုသလို သွေးတိတ်ကာ အနာကျက် သွားတာကို ထူးဆန်းစွာ တွေ့လိုက်ရတယ်။

ဝင်ပူးခံထိတဲ့လူနာ ပြန်သတိရလာတော့ ကျွန်တော် လည်း တည်းခိုတဲ့နေရာ ပြန်လာခဲ့လိုက်တယ်။

တည်းတဲ့အိမ် ရောက်တော့ ဆရာက "သက်ခိုင် ဒီနေ့ မင်း ကုပေးလိုက် တာက ဒီရွာမှာ တို့တွေ ဆက်နေရမယ် ဆိုတဲ့ အဓိပ္ပာယ် ဖြစ်သွားတယ်၊ ဇင်းကျိုက် ခရီးစဉ်ကို ဒီရွာရဲ့ အခက်အခဲ ပြီးမှ ဆက်သွား ကြတာပေါ့ မင်းလည်း နားလိုက်ဦး၊ မနက်ဖြန် လူနှစ် ယောက်

ဒီကို လာကြလိမ့်မယ်"

ကျွန်တော် လည်း ခြေလက်ဆေး ဘုရားရှိခိုးကာ အိပ်ရာ ဝင်လိုက်တယ်။ မနက်နိုးလာတော့ လုပ်စရာရှိတဲ့ ဝေယျာဝစ္စတွေ လုပ်နေတုန်း ...

***